# ပြည်တွင်းဖြစ် အမေ



ကြံ့သကာနဲ့ ထန်းလျက်
အညာထွက် ဖြစ်ပေမယ့်
ထန်းလျက်ကိုမှ သူချစ်
အဲဒါ အညာသား စစ်လို့တဲ့လေ။
အညာချစ်တဲ့ ငါ့အမေ
သြဝါဒ ချွေတတ်တာပ။

သူ့အညာ သူ့ရွာ မဖြစ်ပေမယ့်
လဖက်ကိုလည်း အမေချစ်
တိုင်းရင်းဖြစ် စစ်စစ်မို့သားတဲ့။

ငါးပိနှင့် ငါးခြောက်
အောက်ပြည်ထွက် စင်စစ်
အမေ့ နှစ်သက်မှုကရော ဆိုတော့
ဒါကတော့ သားရယ်
မင်းတို့အဖေ ကိုရွှေငါး က
အောက်သား လေကွယ်တဲ့။

ထန်းလျက်ချစ် လဖက်ချစ်
ငါးပိချစ်တဲ့ ငါ့အမေ
အညာနေ ရိုးရိုး
“စိန့်တိုင်း”ဖြစ် ပိုးပုဆိုးကျ
အဆတိုးလို့ မျက်မှန်းကျိုးသပ။

ခုခေတ်ခုခါ
ဟိုဟာလည်း ချိုင်းနားဖြစ်
ဒီအရာလည်း ချိုင်းနားဖြစ်
အိမ်နီးနားလည်း ချိုင်းနားဖြစ်
အရာရာ ချိုင်းနားခေတ်မို့။

ထန်းလျက်ချစ်တဲ့ ငါ့အမေ
လဖက်ချစ်တဲ့ ငါ့အမေ
ငါးပိချစ်တဲ့ ငါ့အမေ
ငါ့ပြည်ချစ်တဲ့ ငါ့အမေ
စိတ်ညစ်နေမယ့် ငါ့အမေ
“တရား အားမထုတ်”ချင်တဲ့ ငါ့အမေ
ဘယ်လိုများ နေရှာပ
တွေးကြည့်ကာ သနားမိပါရဲ့။ ။

**အမေသို့**
ဉာဏ်ဦးမောင်